# ကျိုက်ဖီလန်ကျေးရွာ
# ထားဝယ်မြို့နယ်၊ ထားဝယ်ခရိုင်
# တနင်္သာရီတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျိုက်ဖီလန်ကျေးရွာ၊ ထားဝယ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ကျိုက်ဖီလန်ကျေးရွာ သယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်** | ၅ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၉ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၀ |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၁ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၂ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၂ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၄ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၆ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၇ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြုဇယား | ၅၂ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၅၅ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၅၇ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၅၉ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၆/၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**ဒီဇင်ဘာလ၊ ၂၀၁၆**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**ကျိုက်ဖီလန်ကျေးရွာ**

**ထားဝယ်မြို့နယ်**

# ကျိုက်ဗီလန်ကျေးရွာ ကျေးရွာ သယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကျိုက်ဖီလန်ကျေးရွာသည် တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ဖောင်းတောကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာသည် ထားဝယ်မြို့နယ်မှ မိုင်(၄၂) အကွာတွင် တည်ရှိပြီး ကျောက်တွင်းကျေးရွာနှင့် ဖွတ်လတ်တိုကျေးရွာတို့ဖြင့် ထိစပ်လျက် ရှိပါသည်။ ကျေးရွာ၏နံဘေးတွင် တောင်ကုန်း၊ တောင်တန်းများဖြင့် ဝန်းရံထားသည့် သာယာလှပသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျိုက်ဖီလန်ကျေးရွာသည် ပူ၍မိုးများသော အပူပိုင်းမိုးသစ်တော ရာသီဥတု ကျရောက်သည့် ဒေသအတွင်း တည်ရှိပါသည်။ ကျေးရွာတွင် သဘာဝအရင်းအမြစ်များ ထွက်ရှိမှုမရှိပါ။ သဘာဝအပင်မျိုးစိတ်များအနေဖြင့် ရွာတွင် အလိုအလျောက် ပေါက်ရောက် နေသော ဆေးဖက်ဝင်အပင်အနည်းအကျဉ်းသာ တွေ့ရှိရပါသည်။ တိရိစ္ဆာန်မျိုးစိတ်များ အနေဖြင့် ဂျီ၊ ဆတ်၊ တောက်၊ ဖြူ၊ ရှစ်၊ ငှက်၊ မျောက်၊ ကျားနှင့် တောကြောင် စသည့် သဘာဝတိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ် တွေ့ရှိရပါသေးသည်။ အခြားသော သတ္တု၊ ကျောက်မျက်၊ ခဲ စသည့် သယံဇာတတွင်းထွက်များမှာ အလွန်ပင် ရှားပါးလှပါသည်။ ထိုသို့ သယံဇာတတွင်းထွက်များ မရှိသဖြင့် ကျေးရွာရှိ အိမ်ထောင်စု တစ်စုချင်းစီ၏ ဝင်ငွေဖွံ့ဖြိုး တိုးတက်မှု အပိုင်းတွင် အစစအရာရာ နှောင့်နှေး နေပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဒေသခံအစုအဖွဲ့ပိုင်သစ်တောအဖွဲ့၊ မိဘဆရာသင်းအဖွဲ့၊ လူငယ်အဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့များသည် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သာရေးနာရေးကိစ္စရပ် များကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်းကာ ဆောင်ရွက်နေပါသည်။ ခေါင်းဆောင်မှု စီမံခန့်ခွဲမှုသင်တန်းနှင့် အဖွဲ့အစည်းဆိုင်ရာသင်တန်းများ လိုအပ်ပါသည်။ အဆိုပါ သဘော တရားများ မရှိသဖြင့် စနစ်တကျ လုပ်ဆောင်နိုင်မှု အားနည်းပါသည်။ ကျေးရွာလူထုဖြင့် ဖွဲ့စည်းထားသော အဖွဲ့(၄)ဖွဲ့ရှိ၍ အဖွဲ့များ၏ စွမ်းဆောင်ရည်မှာ ကောင်းမွန်ခြင်း၊ အသင့်အတင့် အနေအထားတွင် ရှိပါသည်။ အဖွဲ့အစည်းများမှာ ကျေးရွာအကျိုးအတွက် လုပ်ဆောင်လိုစိတ်ထက်သန်ကြသော်လည်း လုပ်ဆောင်နည်းစနစ်မှာမူ အားနည်းနေပါ သည်။ အချင်းချင်းချိတ်ဆက် လုပ်ဆောင်မှုနှင့် စုစည်းဆောင်ရွက်နိုင်ရန် အသိပညာပေးမှုများ လိုအပ်နေပါသည်။

ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမှာ TKPSI အဖွဲ့၊ နီပေါဖောင်ဒေးရှင်းအဖွဲ့၊ WWFအဖွဲ့နှင့် PSI အဖွဲ့များသည် ကျေးရွာအတွက် စားသောက်

ကုန်များထောက်ပံ့ပေးခြင်း၊ သစ်တောထိန်းသိမ်းရေးသင်တန်းများပေးခြင်းနှင့် ငွေကြေးဆိုင်ရာ ကဏ္ဍရပ်များထောက်ပံ့ပေးခြင်းများဖြင့် ကျေးရွာလူထု ဖွံ့ဖြိုးတိုးတက်စေပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ကျိုက်ဖီလန်ကျေးရွာတွင် တောင်ယာ၊ ဥယျာဉ်ခြံနှင့် နှစ်ရှည်သီးနှံများကို အဓိကထား စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာ လုပ်ကိုင်စားသောက်မှု မရှိသေးသော မြေရိုင်းဖြစ်သဖြင့် မြေဆီလွှာ အသင့်အတင့် ကောင်းမွန်ပါသည်။ စိုက်ပျိုးရေအားဖြင့် မိုးရေကိုသာ အဓိကထား စိုက်ပျိုးကြပြီး အခြားစိုက်ပျိုးရေရရှိခြင်း မရှိပါ။ ဥယျာဉ်ခြံမြေများတွင် အဓိကအားဖြင့် ကွမ်းသီးကိုသာ စိုက်ပျိုးကြပါသည်။

ကျိုက်ဖီလန်ကျေးရွာတွင် ဥယျာဉ်ခြံပိုင်ဆိုင်သော အိမ်ထောင်စုများသည် (၉၈) ရာခိုင်နှုန်းခန့်ရှိပြီး စိုက်ပျိုးရေးနည်းစနစ်များ မမှန်သဖြင့် ထွက်နှုန်းများ နည်းပါး နေဆဲပင် ဖြစ်သည်။ ကျေးရွာတွင် သီးနှံများ ထွက်နှုန်းမှန်ကန်စေရန်အတွက် စိုက်ပျိုးရေးနည်းစနစ်များ ရရှိရန် လိုအပ်နေပါသည်။ စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်သော်လည်း အိမ်တွင်းစားသုံးရန် တောင်ယာစပါးကို စိုက်ပျိုးပြီး ဥယျာဉ်ခြံမှ ရသောဝင်ငွေဖြင့် ကျန်းမာရေး၊ ပညာရေး အစ ရှိသည့် လူမှုရေးကဏ္ဍများကို ဖြေရှင်းကြရာ ကြွေးတင်ရှိမှု များပြားနေကြောင်း တွေ့ရှိရပါသည်။

ကျေးရွာတွင် စိုက်ပျိုးရေအတွက် မိုးရေနှင့် ချောင်းရေဖြင့်သာ အဓိကထား စိုက်ပျိုးကြပါသည်။ အခြားစိုက်ပျိုးရေ ရရှိခြင်း မရှိပါ။

ကျိုက်ဖီလန်ကျေးရွာတွင် တောင်ယာစပါး၊ ကွမ်းသီးတို့ကို အဓိကထား စိုက်ပျိုးကြပါသည်။ တောင်ယာစပါးမှာ မြေဩဇာ၊ ပိုးသတ်ဆေး အသုံးပြုခြင်းမရှိဘဲ သဘာဝအတိုင်း စိုက်ပျိုးကြပါသည်။ တောင်ယာစပါးထွက်ရှိမှုတွင် အနည်းဆုံး (၁၀)တင်းမှ အများဆုံး (၃၀) တင်းထိသာ ထွက်ရှိပြီး ပျမ်းမျှအားဖြင့် (၂၀)တင်းထိသာ ထွက်ရှိပါသည်။ ကွမ်းသီး အထွက်နှုန်း ကောင်းမွန်ပြီး ထားဝယ်မြို့သို့ တင်ပို့ရောင်းချကြပါသည်။

ကျိုက်ဖီလန်ကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှုတွင် မြက်ရိတ်စက်ကိုသာ ပိုင်ဆိုင်ကြပါသည်။ ရွှေ့ပြောင်းတောင်ယာဖြစ်သဖြင့် လယ်ယာလုပ်ငန်းတွင် စက်ကိရိယာများစွာ အသုံးပြုနိုင်ခြင်းမရှိပါ။ ဥယျာဉ်ခြံလုပ်ငန်းတွင် မြတ်ရိတ်စက်မျှသာ အသုံးပြုပါသည်။

ကျိုက်ဖီလန်ကျေးရွာတွင် သီးနှံများ အထွက်နှုန်းတိုးတက်လာစေရန်အတွက် စိုက်ပျိုးမြေများ အနည်းငယ် တိုးချဲ့နိုင်ပါသေးသည်။ မြေဆီလွှာအရည်အသွေးမှာလည်း

ကောင်းမွန်ပြီး စိုက်ပျိုးရေအားဖြင့် ချောင်းရေကိုသာ တစ်နှစ်ပတ်လုံး ရရှိနိုင်ပါသည်။ သွင်းအားစုများကို ကျေးရွာနှင့် (၄၂)မိုင် အကွာရှိ ထားဝယ်မြို့တွင် ဝယ်ယူရသဖြင့် သွားလာရ ခက်ခဲပါသည်။ ဝယ်ယူရရှိသည့် ဈေးနှုန်းမှာလည်း မြင့်မားပါသည်။ စိုက်ပျိုးရေး အတွက် မည်သည့်ချေးငွေ ဝန်ဆောင်မှုမှ မရရှိပါ။ မျိုးကောင်းမျိုးသန့်များ ရရှိနိုင်သည့် ျနေရာများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန်နှင့် စိုက်ပျိုးရေး နည်းပညာပေး သင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်လျက်ရှိပါသည်။

ကျိုက်ဖီလန်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအတွက် အဓိကအခက်အခဲမှာ နည်းပညာမရရှိခြင်း၊ ပိုးမွှား နိုင်နင်းနည်း၊ မြေဩဇာအသုံးပြုနည်း၊ မျိုးကောင်းမျိုးသန့် ရွေးချယ်နည်းနှင့် ဈေးကွက်သို့ တင်ပို့ရောင်းချရန် အလှမ်းဝေးခြင်းတို့ကြောင့် ဖြစ်ပါသည်။

## (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

ကျိုက်ဖီလန်ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၂၃) အိမ်ရှိပြီး နွားကောင် ရေ (၆၁) ကောင်၊ နို့စားနွားမွေးမြူထားသည့် အိမ်ထောင်စု (၉) စုမှ (၁၈) ကောင်၊ အိမ်ထောင်စု (၄) အိမ်မှ ဝက် (၂၄) ကောင်၊ အိမ်ထောင်စု (၂၃) အိမ်မှ ဝက်(၃၇) ကောင်၊ ကြက်မွေးမြူထားသည့် အိမ်ထောင်စု (၅၉) အိမ်ရှိပြီး ကြက်ကောင်ရေ (၃၉၁) ကောင်နှင့် အိမ်ထောင်စု (၁၁) အိမ်မှ ဘဲကောင်ရေ (၃၇)ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူကြသည်။ ကျေးရွာတွင် မွေးမြူရေးကို စီးပွားဖြစ်လုပ်ကိုင်သော အိမ်ထောင်စုမရှိပါ။

ကျိုက်ဖီလန်ကျေးရွာတွင် မွေးမြူရေးအတွက် စားကျက်မြေများ ရရှိနိုင်ခြင်းမရှိပါ။ ကိုယ်ပိုင်ဥယျာဉ်ခြံများတွင် ကျယ်ဝန်းစွာ မွေးမြူနိုင်ခြင်း၊ တိရစ္ဆာန်သောက်သုံးရေ လုံလောက်စွာ ချောင်းရေမှ ရရှိနိုင်ခြင်း၊ တိရစ္ဆာန်ခြံဆောက်ရန် သစ်၊ ဝါးကို လွယ်ကူစွာ ရရှိနိုင်ခြင်း၊ တိရစ္ဆာန်အစာအတွက် အသီးအနှံများပေါများခြင်း၊ ကျေးရွာအတွင်း၌ပင် ရောင်းချနိုင်ခြင်းစသော စီးပွားဖြစ်မွေးမြူနိုင်ရန် အခွင့်အလမ်းများစွာ ရှိပါသည်။

ကျေးရွာတွင် မွေးမြူရေးကို စီးပွားအဖြစ်မွေးမြူရန် အခွင့်အလမ်းများစွာရှိသော်လည်း ရောဂါများကျရောက်ခြင်း၊ ကာကွယ်ကုသနည်းများ မသိရှိခြင်းနှင့် ချေးငွေများမရရှိခြင်းတို့ ကြောင့် ကျယ်ပြန့်စွာ လုပ်ကိုင်နိုင်ခြင်း မရှိချေ။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျိုက်ဖီလန်ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများတွင် ဆောက်လုပ်ရေးပန်းရံ၊ လက်သမားကဲ့သို့သော လုပ်ငန်းကို လုပ်ကိုင်ကြသည်။ ကျေးရွာ အတွင်းရှိ အခြားဝင်ငွေရလုပ်ငန်းများတွင် ကိုယ်ပိုင်လုပ်ကိုင်သည့် အိမ်ထောင်စု အရေအတွက် နည်းပါးပြီး အလုပ်သမားဝန်ထမ်းအနေဖြင့် လုပ်ကိုင်သူ များပြားပါသည်။ ကျေးရွာအတွင်းတွင်

ဈေးရောင်းသူများလည်း နည်းပါးပါသည်။ သို့သော် ကျေးရွာတွင် အသက်မွေးဝမ်းကျောင်း ပညာနည်းပါးခြင်း၊ ဝင်ငွေရအလုပ်အကိုင်များ လုပ်ကိုင်ရန် လက်လှမ်းမမီခြင်းတို့သည် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများအတွက် အခက်အခဲများပင် ဖြစ်သည်။

ကျေးရွာတွင် ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ကိုင်သူများလည်း နည်းပါးပြီး ဝင်ငွေရရှိမှုမှာလည်း နည်းပါးပါသည်။ အကြောင်းမှာ လူဦးရေနည်းပါးပြီး အလုပ်ရရှိမှု နည်းပါးခြင်းကြောင့် ဖြစ်သည်။ ဒေသအတွင်း ကုန်ထုတ်လုပ်ငန်းမရှိခြင်း၊ ပညာတတ် မြောက်မှုနည်းပါးခြင်း၊ မြို့သို့သွားရောက်လုပ်ကိုင်ရန် အလှမ်းကွာဝေးခြင်း၊ ချေးငွေရရှိရန် အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုမရှိခြင်းတို့ကြောင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ပြဿနာများရှိနေပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ငွေကြေးလက်လှမ်းမီမှုအားဖြင့် ငါးဦးစီးမှ ထုတ်ချေးပေးသော မြစိမ်း ရောင် စီမံကိန်းရှိပါသည်။ အတိုးနှုန်းအားဖြင့် (၁.၅) ကျပ် အတိုးနှုန်းဖြစ်ပြီး ထုတ်ချေး ပေးသည့်ကာလမှာ (၁) နှစ်ဖြစ်ပါသည်။ ငွေချေးပေးသူထံမှလည်း အတိုးနှုန်းမြင့်မားစွာ ချေးယူနေကြရပါသည်။ ချေးငွေရရှိမှုအနေဖြင့် ပွဲရုံများတွင် ရရှိနိုင်ပါသည်။ အခြားငွေကြေး ဆိုင်ရာဝန်ဆောင်မှုများကို လက်လှမ်းမီမှုမရှိပါ။ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ငွေကြေး ဆိုင်ရာ ဝန်ဆောင်မှုများစွာ ရရှိရန် လိုအပ်နေပါသေးသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျိုက်ဖီလန်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်လှေ (၁၂) စီး၊ လှေ (၁၄) စီး၊ စက်ဘီး (၅)စီး၊ မော်တော်ဆိုင်ကယ် (၃၆) စီး၊ ထော်လာဂျီ (၄)စီး၊ ကား (၄)စီးနှင့် နွား လှည်း (၄)စီးရှိပြီး ရွာ၏သယ်ယူပို့ဆောင်ရေးကို ၎င်းတို့ဖြင့် အဓိကလုပ်ဆောင်နေကြ ပါသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင်ယာဉ်မရှိခြင်းကြောင့် အရေးပေါ် ပြဿနာများ ဖြစ်ပေါ်လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

ကျိုက်ဖီလန်ကျေးရွာရှိ ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းများမှာ မြေသားလမ်းများဖြစ်သောကြောင့် ထိုလမ်းများအား ကတ္တရာလမ်းများအဖြစ်သို့ တစ်ဆင့် မြှင့်တင်ခြင်းများ ပြုလုပ်ပေးစေလိုပါသည်။ ကျေးရွာတွင် တံတားမရှိပါ။ ရေပွန် (၅)ခုသာ ရှိပြီး ထိုရေပြွန်များမှာလည်း ကောင်းမွန်စွာ အသုံးပြုနိုင်ပါသည်။ ကျေးရွာတွင် သယ်ယူ ပို့ဆောင်ရေးအားဖြင့် မြစ်ကြောင်းသယ်ယူပို့ဆောင်ရေးကိုလည်း အသုံးပြုပါသည်။

## (ခ) ကျေးရွာ မီးလင်းရေး

ကျိုက်ဖီလန်ကျေးရွာတွင် ဆိုလာမီးကို အသုံးပြုသော အိမ်ထောင်စု(၅၅)စုနှင့် ဒီဇယ်သုံးအင်ဂျင်အသုံးပြုသော အိမ်ထောင်စု (၅)စုရှိပြီး ကျန်အိမ်ထောင်စုများမှာ ငွေကြေး အခက်အခဲရှိသောကြောင့် ဖယောင်းတိုင်နှင့် ရေနံဆီမီးခွက်ကိုသာ သုံးစွဲကြပါသည်။ ဆိုလာမီးအသုံးပြုသော အိမ်ထောင်စုများမှာ နေရောင်ခြည်ကောင်းစွာမရရှိသော အချိန်များတွင် အသုံးပြုရခက်ခဲပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျိုက်ဖီလန်ကျေးရွာသည် မြို့နှင့် အလှမ်းဝေးသော ကျေးရွာ ဖြစ်သည်။ ဆက်သွယ်ရေး အားဖြင့် အထိုင်ဖုန်းများသာ ဆက်သွယ်အသုံးပြုနိုင်ပါသည်။ ဆက်သွယ်ရေးနှင့် သတင်း အချက်အလက်များကို ဖုန်း (၁) လုံး၊ တီဗွီ (၂၂) လုံး၊ ရေဒီယို (၂၂)လုံးနှင့် ဂြိုလ်တုစလောင်း (၁)လုံး စသည်တို့မှ ရရှိပါသည်။ ကျေးရွာတွင် (၂၄) နာရီ မီးလင်းမှု မရရှိသေးသဖြင့် အချိန်နှင့်တပြေးညီ အားသွင်းခြင်း မပြုလုပ်နိုင်သည့်အတွက် သတင်းအချက်အလက်များ အချိန်မီ မသိရှိနိုင်ခြင်းများ ရှိပါသည်။

## ၆။ ပညာရေး

ကျိုက်ဖီလန်ကျေးရွာတွင် ပညာတတ်မြောက်မှု အခြေအနေကို ကြည့်ခြင်းအားဖြင့် အများစုမှာ မူလတန်းပညာအဆင့်ထိသာ အမြင့်မားဆုံး တက်ရောက်နိုင်ကြကြောင်း တွေ့ရှိရ ပါသည်။ အထက်တန်းနှင့် တက္ကသိုလ်ပညာပြီးဆုံးသူ အရေအတွက် (၂)ဦးသာ ရှိပါသည်။ ပညာတတ်များပေါ်ထွက်လာနိုင်ရန် ပညာရေးရန်ပုံငွေတည်ထောင်ခြင်း၊ လမ်းပမ်းဆက်သွယ် ရေးကောင်းမွန်လာစေရန် ပြုပြင်ပေးခြင်းနှင့် ပညာရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပပေး သင့်ပါသည်။ ဆရာ၊ မိဘတွေ့ဆုံပွဲများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသင့်ပါသည်။

ကျေးရွာတွင် မူလတန်းကျောင်းသည် ကျေးရွာအတွင်းတွင်ပင်တည်ရှိပြီး ကျောင်းသုံး ပရိဘောဂများ လုံလောက်မှုမရှိပါ။ ကျောင်းအိမ်သာမှာလည်း လုံလောက်မှုမရှိပါ။ စာရေး စားပွဲ၊ထိုင်ခုံနှင့် အခြားပရိဘောဂပစ္စည်းများ လုံလောက်မှု အားနည်းနေပါသေးသည်။ ကျောင်းဆရာ/မ (၆) ဦးရှိပြီး ကျောင်းသားဦးရေနှင့် လုံလောက်မှုရှိပါသည်။

ကျေးရွာ၏ ပညာရေးကဏ္ဍတွင် မူလတန်းကျောင်းမှာ ကျေးရွာတွင် ရှိသဖြင့် မူလတန်းကျောင်းပညာသင်ယူရန် အခက်အခဲမရှိပါ။ သို့ရာတွင် အလယ်တန်းနှင့် အထက် တန်းပညာသင်ယူရန်အတွက်မူ ကျောင်းစရိတ်တတ်နိုင်မှုမရှိခြင်းကြောင့် ဆက်လက်၍ အတန်းပညာပြီးမြောက်အောင်အထိ ထားနိုင်ခြင်းမရှိပါ။ ကျောင်းအားကစားပစ္စည်းများလည်း လက်လှမ်းမီမှုမရှိပါ။ ကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် ပြုပြင်

ပေးခြင်း၊ ပရိဘောဂလုံလောက်စွာ ပံ့ပိုးပေးခြင်းတို့ကို လုပ်ဆောင်ပေးသင့်ပါသည်။ ကျေးရွာတွင် ကျောင်းအတွက်လိုအပ်သည်များကို မိဘဆရာအသင်းနှင့် ပူးပေါင်းကာ ဆောင်ရွက်မှု ရှိပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျိုက်ဖီလန်ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါများ အဓိကဖြစ်ပွားလေ့ရှိပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိပါ။ အထူးသဖြင့် ခြင်ပေါက်ဖွားရန် စိမ့်စမ်းရေရှိခြင်း၊ ချောင်းရေကို သောက်သုံးခြင်း (သန့်စင်ခြင်းမရှိဘဲ) တို့ကြောင့် ဖြစ်ပွားမှုများရသည်ဟု ယူဆမိပါသည်။ ကျန်းမာရေးအသိပညာဗဟုသုတ နည်းပါးနေကြောင်း တွေ့ရှိရပါသည်။ ကျန်းမာရေးဝန်ထမ်းရှိသော်လည်း ဝန်ဆောင်မှုပေးနိုင်မှုမှာ နည်းပါးနေပါသည်။ ဝန်ထမ်းအင်အားဖြည့်ဆည်းပေးလျှင် ပိုမိုသင့်လျော်ပါမည်။

ကျိုက်ဖီလန်ကျေးရွာတွင် ကာကွယ်ဆေးထိုးနှံမှုများအနေဖြင့် ဖောင်းတောကျေးရွာကျေးလက်ဆေးပေးခန်းရှိ သားဖွားဆရာမမှ ပုံမှန်ထိုးနှံပေးမှုများ ပြုလုပ်ပါသည်။ ကာကွယ်ဆေးမျိုးစုံအား ပုံမှန်ထိုးနှံမှုများ ရှိပါသည်။

ကျိုက်ဖီလန်ကျေးရွာနှင့် အနီးဆုံးတွင် ဖောင်းတောကျေးရွာ ကျေးလက်ဆေးပေးခန်းရှိပါသည်။ ဆေးပေးခန်းသို့ရောက်ရန် (၁၂)မိုင်ခန့် ကွာဝေးပါသည်။ ကျန်မာရေးအတွက် တစ်ခုခုဖြစ်ပွားပါက ဆေးခန်းသို့ သွားရောက်ရန်အတွက် အခက်အခဲများ ရှိပါသည်။ သို့ရာတွင် ကျန်းမာရေး ဝန်ထမ်းနည်းပါးမှုကြောင့် ကျန်းမာရေးဝန်ဆောင်မှုများ ထိရောက်စွာ အကျိုးရရှိရန် လိုအပ်ပါသည်။

မြို့နယ်ဆေးရုံကို သွားရောက်ရန် လမ်းခရီးအခက်အခဲရှိသဖြင့် အရေးပေါ်ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအတွက် စိုးရိမ်ဖွယ်ရှိနေပါသည်။ ဆေးဝါးများကို ဖောင်းတောကျေးရွာတွင် ဝယ်ယူနိုင်သော်လည်း ဆေးဝါးကျွမ်းကျင်သူမှ ရောင်းချခြင်းမျိုး မဟုတ်ပါ ။ ကျေးလက်ဆေးပေးခန်းတွင် အခန်း၊ ကုတင်များ ပံ့ပိုးပေးရန် လိုအပ်ပါသည်။

ကျိုက်ဖီလန်ကျေးရွာတွင် သောက်သုံးရေကို ရေတွင်းမှ ရရှိပါသည်။ ချောင်း(၁) ချောင်းရှိပြီး တစ်နှစ်ပတ်လုံးစီးဆင်းနေသည့် သောက်သုံးရေအတွက် ချောင်းရေကိုလည်း အသုံးပြုနေကြပါသည်။ အဆိုပါချောင်းရေကို စနစ်တကျ ရေသန့်သောက်သုံးမှုမရှိသောကြောင့် ဝမ်းလျှောဝမ်းပျက်ရောဂါများ ဖြစ်ပွားလေ့ရှိပါသည်။

ကျိုက်ဖီလန်ကျေးရွာတွင် ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စု (၄၃)အိမ်ရှိပြီး ကျန်အိမ်ထောင်စုများမှာ ယင်လုံအိမ်သာဆောက်လုပ်ရာတွင် ကုန်ကျစရိတ်များပြားမှုနှင့်

ကျန်းမာရေးအသိပညာနည်းပါးခြင်းကြောင့် မဆောက်လုပ်ကြဘဲ ကျင်းအိမ်သာ၊ မြေပေါ် အိမ်သာနှင့် တောထိုင်များကို ပြုလုပ်ကြပါသည်။ ရေလောင်းအိမ်သာ သုံးစွဲသော်လည်း စနစ်တကျသုံးစွဲနိုင်မှုမရှိပါ။ ကျန်းမာရေးအတွက် အသိပညာဗဟုသုတများ တိုးပွားစေရန် အတွက် ဟောပြောပွဲများ ကျင်းပပြုလုပ်ပေးသင့်ပါသည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျိုက်ဖီလန်ကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၂)စုရှိပါသည်။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သူများမှာ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်မိသားစုများဖြစ်ကြပါသည်။ ရသည့် ဝင်ငွေနှင့်မလုံလောက်ခြင်း၊ ကျပန်းလုပ်ငန်းမှာ တစ်နှစ်ပတ်လုံးမရှိခြင်း တို့ကြောင့် စားဝတ် နေရေးခက်ခဲမှုများ ရှိပါသည်။ အခြားမုဆိုးဖိုဦးဆောင်သော အိမ်ထောင်စုနှင့် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်သည့် ဆင်းရဲသော အိမ်ထောင်စုများ မရှိပါ။

ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု ခံရနိုင်သူများမှာ အမျိုးသမီး ဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုများ၊ ငွေကြေးမဖူလုံသော ဆင်းရဲသော တောင်သူများအဖို့ ထိခိုက် မှုများ ရှိနိုင်ပါသည်။ ကျေးရွာတွင် တောမီးများလောင်ခြင်းကြောင့် ဥယျာဉ်ခြံမြေများ နှစ်စဉ် ပျက်ဆီးမှုများ ကြုံတွေ့နေ ရပါသည်။ တိရစ္ဆာန်ရောဂါ ကျရောက်မှုနှင့် ကျန်းမာရေး မကောင်းခြင်းတို့ကို ကြုံတွေ့ရပါသည်။ စားနပ်ရိက္ခာဖူလုံမှုမှာ ပုံမှန်ဝင်ငွေမရှိခြင်းနှင့် ပညာရေးစရိတ်မြင့်မားခြင်းကြောင့် ဖူလုံမှု အားနည်းနေပါသည်။

ကျေးရွာတွင် စိုက်ပျိုးသီးနှံများအတွက် ပိုးမွှားရောဂါကာကွယ် နှိမ်နင်းသည့် နည်းလမ်းများ သိရှိရန် လိုအပ်နေဆဲဖြစ်ပါသည်။ အမှိုက်သရိုက်နှင့် စွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်း၊ တွင်းတူးမြေမြှုပ်ခြင်းကဲ့သို့ အလေ့အကျင့်များ ရှိသော်လည်း တစ်ရွာလုံးပါဝင်ပြီး စနစ်တကျပြုလုပ်သည့် စနစ်ရှိသေးပါ။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးခြင်း များကို ကျေးရွာများတွင် ပြုလုပ်ပေးလျက်ရှိရာ အသိပညာများရရှိပြီး သစ်တော၊ သစ်ပင်များ ပြုန်းတီးမှုကို လျော့ပါးခြင်း၊ အပင်မျိုးစိတ်များကို ထိန်းသိမ်းခြင်းများရှိသဖြင့် အန္တရာယ်ရှိမှု လျော့ပါးစေပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြားအန္တရာယ်ရှိမှုမှာလည်း မြင့်မား ခြင်းမရှိပါ။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျိုက်ဖီလန်ကျေးရွာ၏ အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းနေပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏အသိအမြင်ရှိမှု အားနည်းနေသေးပြီး ဟောပြော

ဆွေးနွေးပွဲများ ပြုလုပ်ပေးစေလိုပါသည်။ ကျား-မရေးရာကိစ္စရပ်များတွင် များစွာခွဲခြားမှု၊ ကွာခြားမှုမရှိပါ။ ဦးဆောင်မှုပိုင်းတွင် အမျိုးသမီးများပါဝင်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်မှုရှိပါသည်။ အမျိုးသမီးထုမှာ အမျိုးသမီးကာကွယ်ရေးဆိုင်ရာ ဥပဒေများကိုသိရှိမှု အားနည်းသော်လည်း သံသယဖြစ်ဖွယ် အကြမ်းဖက်မှုများမရှိပါ။

ကျေးရွာတွင် နေ့စား၊ လစားလုပ်ငန်းများ အလွန်နည်းပါးပါသည်။ နေ့စားကို လယ်ယာလုပ်ငန်းနှင့် ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းများတွင်သာ လုပ်ကိုင်မှုများရှိပါသည်။ လက်လီရောင်းဝယ်ရေး၊ ဈေးဆိုင်များတွင်လည်း မိသားစုဝင်လုပ်အားဖြင့်သာ လုပ်ကိုင်ကြပါသည်။ တခြားပညာရပ်ဆိုင်ရာ ကျွမ်းကျင်လုပ်သားများမရှိပါ။

ကျိုက်ဖီလန်ကျေးရွာတွင် အိမ်ထောင်စု (၈၀)စုရှိပြီး၊ လူဦးရေစုစုပေါင်း (၄၄၄)ဦး ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၆)ဦး ရှိပါသည်။ အသက် (၁၅နှစ်မှ ၆၀နှစ်)အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ (၄၈.၆၅)% ရှိပြီး (၁၅)နှစ်အောက်လူဦးရေနှင့် အသက် (၆၀)နှစ်အထက် လူဦးရေ စုစုပေါင်း (၅၁.၃၅)% သည် မှီခိုသူများဖြစ်ကြပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ဖောင်းတော | | | ကျေးရွာအမည် - ကျိုက်ဗီလန် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အခြေခံအဆောက်အဦ | သောက်သုံးရေ | ရေတွင်း၊ ရေကန်များ တူးဖော်ပေးခြင်းနှင့် စိမ့်စမ်းရေသွယ်တန်းပေးခြင်း။ | |
| ၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်း၊တံတား | ရွာတွင်းလမ်းများအား ကွန်ကရစ်လမ်းများအဖြစ်သို့ တစ်ဆင့်မြှင့်တင်ပေးခြင်း။ | |
| ၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်း၊တံတား | ကျိုက်ဗီလန်-ဖားသားရေပူကျေးရွာချင်းဆက်လမ်းအား ကျောက်ချောခင်းခြင်း။ | |
| ၄ | အခြေခံအဆောက်အဦ | ကျေးလက် အိမ်ရာ | ဆရာ/မများ နေထိုင်ရန် ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးခြင်း။ | |
| ၅ | လူငယ် | လူငယ်အခွင့်အလမ်း | စာကြည့်တိုက်ဆောက်လုပ်ပေးခြင်း။ | |
| ၆ | လူငယ် | လူငယ်အခွင့်အလမ်း | ဘောလုံးကွင်း ပြုလုပ်ပေးခြင်း။ | |
| ၇ | လူငယ် | လူငယ်အခွင့်အလမ်း | အားကစားရက်တိုသင်တန်းများ ပေးခြင်း။ | |
| ၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ပရိဘောဂများ၊ သင်ထောက်ကူပစ္စည်းများနှင့် ကျောင်းအားကစားပစ္စည်းများ ဖြည့်တင်းပေးခြင်း။ | |
| ၉ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းအိမ်သာ ဆောက်လုပ်ပေးခြင်း။ | |
| ၁၀ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ကျင်းပပေးခြင်း။ | |
| ၁၁ | ကျန်းမာရေး | ကျေးလက်ကျန်းမာရေး ဆေးပေးခန်း၊ ကာကွယ်ဆေးထိုးခြင်း | ကျေးလက်ကျန်းမာရေးဆေးပေးခန်း ဆောက်လုပ်ပေးခြင်း။ | |
| ၁၂ | စိုက်ပျိုးရေး | နည်းပညာ | စိုက်ပျိုးရေးနည်းပညာသင်တန်းများပို့ပိုးပေးခြင်း။ | |

| ကျေးရွာအုပ်စုအမည် - ဖောင်းတော | | | ကျေးရွာအမည် - ကျိုက်ဖီလန် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁၃ | ငွေကြေး | အသေးစား | စိုက်ပျိုးရေးချေးငွေထုတ်ချေးပေးခြင်း။ | |
| ၁၄ | မွေးမြူရေး | မွေးမြူရေးဆိုင်ရာသင်တန်း | မွေးမြူရေးအသိပညာပေးခြင်းနှင့် နည်းပညာသင်တန်းများပေးခြင်း | |
| ၁၅ | မွေးမြူရေး | ချေးငွေ | မွေးမြူရေးဆိုင်ရာ ချေးငွေများရရှိအောင် ဆောင်ရွက်ပေးခြင်း။ | |

## ကျိုက်ဖီလန်ကျေးရွာ၊ ဖောင်းတောကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးအောင်ဇော်မင်း | | ၆/ထဝန(နိုင်) ၀၇၈၇၀၅ | | ဥက္ကဌ | |
| ၂ | ဦးကြာသိန်း | | ၆/ထဝန(နိုင်) ၀၇၅၅၄၉ | | အဖွဲ့ဝင် | |
| ၃ | ဦးစောစပီတာ | ဦးမောင်ဒီ | ၆/မတန(နိုင်) ၀၀၁၂၁၆ | ၄၃ | အဖွဲ့ဝင် | |
| ၄ | စောဆန်းညွန့်စိန် | စောပလူစု | ၆/ထဝန(နိုင်) ၁၀၆၅၈၅ | ၃၃ | စာရင်းကိုင် | |
| ၅ | စောဆန်းမောင် | ဦးအယူ | ၆/ထဝန(နိုင်) ၁၀၆၅၈၇ | ၅၅ | အဖွဲ့ဝင် | |
| ၆ | စောထွန်းထွန်းနိုင် | ဦးကြာယုတ် | ၆/မတန(နိုင်) ၁၀၁၂၁၂ | ၂၉ | အဖွဲ့ဝင် | |
| ၇ | နော်အေးမြင့် | ဦးကွာလိုက် | ၆/မတန(နိုင်) ၀၀၂၀၇၇ | ၄၁ | အတွင်းရေးမှူး | |
| ၈ | နော်မြသိန်း | ဦးသိန်းစီ | ၆/မတန(နိုင်) ၀၀၁၉၁၂ | ၂၀ | အဖွဲ့ဝင် | |
| ၉ | နော်ချယ်ရီမိုး | စောနူကေး | ၆/မတန(နိုင်) ၀၀၁၃၁၈ | ၂၁ | အဖွဲ့ဝင် | |
| ၁၀ | မဇင်မာဦး | စောဟန်မား | ၆/မတန(နိုင်) ၀၀၀၇၄၄ | ၂၉ | အဖွဲ့ဝင် | |
| ၁၁ | နော်အေးရှာ | စောဖိုးစက် | | ၃၆ | အဖွဲ့ဝင် | |
| ၁၂ | နော်ကြာဒေး | ဦးအယူ | ၆/မတန(နိုင်) ၀၀၆၇၈၀ | ၄၁ | အဖွဲ့ဝင် | |
| ၁၃ | စောယဉ်အေး | ဦးကျော်ဖိ | ၆/မတန(နိုင်) ၀၀၁၃၁၈ | ၂၅ | အဖွဲ့ဝင် | |
| ၁၄ | စောကျော်စိန် | ဦးဖိုးစက် | ၆/မတန(နိုင်) ၀၀၆၇၄၀ | ၂၆ | အဖွဲ့ဝင် | |
| ၁၅ | နော်ဘွေဖော | ဦးကြာယုတ် | ၆/မတန(နိုင်) ၀၀၃၁၇၆ | ၂၀ | အဖွဲ့ဝင် | |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၄ | ၅ | ၁၉ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၇ | ၃၁ | ၅၈ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၈ | ၂၆ | ၅၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၁ | ၂၆ | ၆၇ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၀၄ | ၁၁၂ | ၂၁၆ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၃ | ၁၇ | ၃၀ |
| စုစုပေါင်း | | ၂၂၇ | ၂၁၇ | |
| စုစုပေါင်း အိမ်ထောင်စု | | ၈၀ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်ထောင်စု(၈၀)စုရှိပြီး လူဦးရေစုစုပေါင်း(၄၄၄)ဦးရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅.၅၅)ဦးရှိပါသည်။ အသက်(၁၅ နှစ် မှ ၆၀နှစ် အထိ) အလုပ်လုပ်နိုင်သော လူဦးရေမှာ (၄၈.၆၅%)ရှိပြီး (၁၅နှစ်)အောက် လူဦးနှင့် အသက်(၆၀)နှစ်အထက်လူဦးရေ စုစုပေါင်း (၅၁.၃၅%)သည် မှီခိုများ ဖြစ်ကြသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅.၅၅)ဦး နှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းထက် ပိုနေပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈၀ | ၉၉ | | မြင့် ☐ လတ်✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၈ | မြင့် ☐ လတ်☐ နိမ့် ✔ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၂၈ | မြင့် ☐ လတ်☐ နိမ့် ✔ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၈၀ | ၉၉ | ၃၆ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု

လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်း(ဥယျာဉ်ခြံလုပ်ငန်း)တွင် လုပ်ကိုင်ကြသူမှာ (၈၀)အိမ်ထောင်စုရှိပြီး ကျန်အိမ်ထောင်စုများမှာ အခြားကျပန်းလုပ်ကိုင်ဖြင့် အသက်မွေးကြသူများ ဖြစ်ကြပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | | | | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချိူ/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | | ၅၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အများအားဖြင့် တောင်ယာလုပ်ငန်းခွင်နှင့် ပန်းရံ၊ လက်သမားလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ကျား-မလုပ်အားခနှိုင်းယှဉ်လျှင် ကျား လုပ်အားခမှာ အနည်းငယ်ပိုများပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

## (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၈၅ | ကောင်း ✔ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၂၁၉ | ကောင်း ✔ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၁၃၀၄** | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျိုက်ဖီလန်ကျေးရွာတွင် တောင်ယာ၊ ဥယာဉ်ခြံနှင့် နှစ်ရှည်သီးနှံများကို အဓိကထားစိုက်ပျိုးကြပါသည်။ မိုးရေကို အဓိကထား၍ စိုက်ပျိုးကြပါသည်။

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ✔ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ✔ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ✔ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ✔ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ✔ သင့် ☐ နည်း ☐ မရှိ ☐ | လွယ် ✔ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ✔ နည်း ☐ မရှိ ☐ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျိုက်ဖီလန်ကျေးရွာတွင် ဂျီ၊ ဆတ်၊ တောဝက် ၊ ဖြူ ၊ရှုစ်၊ ငှက်၊ မျောက်၊ ကျား၊ တောကြောင်စသည့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ လက်လှမ်းမီမှု အသင့်အတင့် ရှိပါသည်။

**(ဃ)ဥစ္စာဓနအဆင့် အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | ၄ | ၉ | ၃၇ | ၃၀ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျိုက်ဖီလန်ကျေးရွာ၏ အခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့်ခွဲခြားမှု နည်းလမ်းအရ သိရှိခဲ့ရပါသည်။ အများအားဖြင့် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ ဖြစ်ကြပြီး ကျေးရွာရှိ အိမ်ထောင်စု၏ (၈၃.၇၅) ရာခိုင်နှုန်း ရှိပါသည်။ ကျေးရွာရှိ အိမ်ထောင်စု၏ (၂.၅) ရာခိုင်နှုန်း မြေယာမဲ့ အိမ်ထောင်စုများ ဖြစ်ကြပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၂ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ___၂___<br>လုပ်အားခကြိုယူ = ______ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၈ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ___၈___<br>လုပ်အားခကြိုယူ = ______ |
| ၆ လ မှ ၁၂ လအထိ | ၁၀ | အခြားအစာပြောင်းလဲစား = ______ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | **ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ဝမ်းစာဖူလုံမှု | | အစာလျှော့စား = ______________<br>အထောက်အပံ့ယူ = ______________<br>ချေးယူ = _______၁၀______<br>လုပ်အားခကြိုယူ = ______________ |

ရင်းမြစ်..ဥစ္စာခနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျိုက်ဖီလန်ကျေးရွာရှိ ဥစ္စာခနအဆင့် ၃ နှင့် ၄ အိမ်ထောင်စုပေါင်း၏ (၃၀) ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူရာတွင် ကောက်ယူခဲ့သည့် အိမ်ထောင်စု စုစုပေါင်း၏ (၁၀) ရာခိုင်နှုန်းမှာ (၃) လအောက်၊ (၄၀) ရာခိုင်နှုန်း မှာ (၃) လနှင့် (၆) လ အောက် ၊ (၅၀) မှာ (၆ လ မှ ၁၂လ) အထက် ချေးငှားခြင်းဖြင့် ဝမ်းစာဖူလုံမှုရှိပြီး ထမင်း ပုံမှန်၊ နပ်မှန်အောင် စားသောက်နိုင်ကြပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| **အကြောင်းအရာ** | **ကျား** | **မ** | **ပေါင်း** |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၂ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျိုက်ဖီလန်ကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု (၂) စု ရှိပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| **စဉ်** | **ထိခိုက်လွယ်မှု အမျိုးအစား** | **ထိခိုက်လွယ်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ✔ နိမ့်☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ✔ လတ် ☐ နိမ့်☐ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျိုက်ဖီလန်ကျေးရွာတွင် စားနပ်ရိက္ခာဖူလုံမှု ၊ သဘာဝအရင်းအမြစ်ရှားပါးမှု ၊ အအေးလွန်ကဲခြင်း ၊ တောမီးလောင်ခြင်းများ တစ်ခါတစ်ရံ ဖြစ်ပွါးလေ့ရှိပါသည်။

### (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ✔ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐ |
